## မဂ္ဂင်ကျောင်းတိုက်ကို မြန်မာစစ်အစိုးရ ချိတ်ပိတ်ခြင်းအပေါ် ကုလသမဂ္ဂနှင့်နိုင်ငံတကာ ရှုတ်ချ
၁ ဒီဇင်ဘာ ၂၀၀၇

ရန်ကုန်မြို့မှာရှိတဲ့ မဂ္ဂင်ကျောင်းတိုက်ကို ကြာသပတေးနေ့က အာဏာပိုင်တွေကနေပြီးတော့ အဲဒီမှာ သီတင်းသုံးနေတဲ့ အသက် ၈၀ ကျော် ဆရာတော်ကြီးနဲ့ အခြား ကိုရင်တွေကို ကျောင်းတိုက်ကနေ ဆင်းခိုင်းပြီးတော့ ကျောင်းကို ချိတ်ပိတ်လိုက်ပါတယ်။ ဗုဒ္ဓဘာသာဝင် ၈၀ ကျော် နေထိုင်တဲ့ မြန်မာနိုင်ငံမှာ အခုလို စိတ်မချမ်းမြေ့ဖွယ် ရာဖြစ်ရတဲ့အတွက်ကြောင့်မိုလို့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကပါ ဒီဖြစ်ရပ်ကို ပြစ်တင်ရှုတ်ချခဲပါတယ်။ အပြည့်စုံကို ဒေါ်လှလှသန်းက တင်ပြထားပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အီဗရာဟင် ဂမ်ဘာရီ ဟာ မြန်မာနိုင်ငံအမျိုးသားရင်ကြားစေ့ရေး ဖော်ဆောင်ရာမှာ ဒေသံသရနိုင်ငံတွေရဲ့ အကူအညီကို ရရှိဖို့ လက်ရှိ အရှေ့တောင်အာရှ သုံးနိုင်ငံဖြစ်တဲ့ ဗီယက်နန်၊ ကမ္ဘောဒီးယားနဲ့ လာေနိုင်ငံတို့ကို ခရီးထွက်ခဲ့ရာမှာ ဒုတိယ တစ်ထောက်နားရာဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့နယ်မှာ မနေ့က သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ မဂ္ဂင်ကျောင်းတိုက်ကို အာဏာပိုင်တွေက ချိတ်ပိတ်တဲ့ကိစ္စကို မစ္စတာ ဂမ်ဘာရီက အဲဒီမှာ ပြစ်တင် ရှုတ်ချသွားတာတွေ့ရပါတယ်။ ကုလသမဂ္ဂဌာနချုပ် ပုံမှန်သတင်းစာရှင်းလင်းပွဲမှာ ပြောခွင့်ရ အမျိုးသမီး မစ်ရှဲလ် မွန်းတက်စ် (Michele Montas) က အခုလို ပြောသွားပါတယ်။

> "အတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အီဗရာဟင် ဂမ်ဘာရီဟာ ကမ္ဘောဒီးယား နိုင်ငံ ဖနွမ်းပင်မှာ ဒီနေ့ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ မြန်မာနိုင်ငံမှာ အိပ်ချ်အိုင်ဗီအေ့စ် လူနာတွေကို ကုသပေးနေတဲ့ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို မြန်မာစစ်အစိုးရက အခုလို ပိတ်လိုက်တဲ့အတွက် မစ္စတာ ဂမ်ဘာရီအနေနဲ့ ပြစ်တင်ရှုတ်ချတဲ့အကြောင်း၊" – မစ္စ မွန်းတက်စ် ကပြောသွားတာဖြစ်ပါတယ်။

မြန်မာစစ်အစိုးရအနေနဲ့ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအတွက် နေအိမ်အကျယ်ချုပ် ကျခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးနိုင်ဖို့ ဆက်ဆံရေးဝန်ကြီးအဖြစ် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်ကို ခန့်အပ်ခဲ့တဲ့အပြင် စတုတ္ထအကြိမ်မြောက် တွေ့ဆုံခဲ့တယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့သလို မစ္စတာ ဂမ်ဘာရီ နိုဝင်ဘာလဆန်းပိုင်းက မြန်မာနိုင်ငံကို သွားရောက်ခဲ့ပြီး ကုလသမဂ္ဂဌာနချုပ်ရဲ့ လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေကို သူ့ရဲ့ခရီးစဉ်နဲ့ပတ်သက်လို့ အစီရင်ခံခဲ့ရာမှာလည်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေး လှုပ်ရှားသူတွေအပေါ် အဖမ်းအဆီးတွေ မပြုလုပ်တော့ပါဘူးလို့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က သူ့ကိုပြောခဲ့တဲ့ အကြောင်း အစီရင်ခံသွားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ဖမ်းဆီးမှုတွေဆက်ရှိနေသလို အခုနောက် ဆုံး မဂ္ဂင်ဘုန်းတော်ကြီးကျောင်းကို ချိတ်ပိတ်လိုက်တဲ့ဖိနှိပ်မှုလုပ်ရပ်တွေ တွေ့ရတဲ့အတွက်လည်း မစ္စတာဂမ်ဘာရီက သတင်းစာရှင်းလင်းပွဲမှာ အခုလို မြန်မာစစ်အစိုးရကို သတိပေးသွားတယ်လို့ မစ္စ မွန်းတက်စ်က ပြောပါတယ်။

> "အုပ်စုအားလုံးတို့ပါဝင်တဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး စိတ်ဓါတ်ကို ဆန့်ကျင်ရာရောက် တဲ့ လုပ်ရပ်မှန်သမျှ လူတွေကို ဒေါသထွက်စေတဲ့လုပ်ရပ်မှန်သမျှ အစိုးရနဲ့ အစိုးရပေါ်လစီတွေနဲ့ သဘော မတူသူတွေအကြား တွေ့ဆုံဆွေးနွေးရေးကို ထိခိုက်စေမယ့်လုပ်ရပ်တွေမှန်သမျှကို မြန်မာစစ်အစိုးရအနေနဲ့ ရှောင်ကြဉ်သင့်ပါတယ်လို့ မစ္စတာဂမ်ဘာရီက ပြောသွားတဲ့အကြောင်း၊" – မစ္စ မွန်းတက်စ် ကပြောပါ တယ်။

ဒ့ါအပြင် နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးဖို့ကိုလည်း မစ္စတာ ဂမ်ဘာရီက ထပ်ခါတလဲလဲ ပြောခဲ့ပြီးဖြစ်ကြောင်း အလေးအနက်ပြောကြားသွားတယ်လို့ မစ္စ မွန်းတက်စ်က ပြောပါတယ်။ မြန်မာ့အရေးကို မစ္စတာ ဂမ်ဘာရီသာမက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအနေနဲ့လည်း အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းမှာ ရာသီဥတု

အပြောင်းအလဲကိစ္စနဲ့ပတ်သက်လို့ နောက်လ တက်ရောက်ဖို့ရှိရာမှာလည်း မြန်မာ့နိုင်ငံရေး သီးခြားဆွေးနွေးမှုတွေ ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း မစ္စ မွန်းတက်စ်က ပြောကြားသွားပါတယ်။

"မြန်မာနိုင်ငံနဲ့ပတ်သက်လို့ကတော့ အတွင်းရေးမှူးချုပ်ရဲ့ အစီအစဉ်ထဲမှာ ဆွေးနွေးဖို့ရှိပါတယ်။ နိုင်ငံခေါင်းဆောင်တွေ အစိုးရအကြီးအကဲတွေနဲ့တွေ့ဆုံရာမှာ အတွင်းရေးမှူးချုပ်က ရာသီဥတု အပြောင်းအလဲအကြောင်းအပြင် မြန်မာနိုင်ငံကိစ္စကိုလည်း ဆွေးနွေးမှာဖြစ်တယ်။" – လို့ မစ္စ မွန်းတက်စ် က ပြောသွားပါတယ်။

မြန်မာနိုင်ငံမှာ အခုလိုဖမ်းဆီးမှုတွေ ဆက်လက်ရှိနေတာ၊ နှိပ်ကွပ်မှုတွေ ဆက်လက်ဖြစ်နေတာနဲ့ ပတ်သက်လို့ ကုလသမဂ္ဂသာမကပါဘူး။ မင်္ဂလာဘုန်းတော်ကြီးကျောင်းကို ကြာသပတေးနေ့က မြန်မာစစ်အစိုးရက ချိတ်ပိတ်လိုက်တဲ့အပေါ် အမေရိကန်နိုင်ငံခြားရေးဌာနကလည်း ပြစ်တင်ဝေဖန်တဲ့ကြေညာချက်ကို ကြာသပတေးနေ့က ထုတ်ပြန်ခဲ့ပါတယ်။

"မြန်မာစစ်အစိုးရအနေနဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ဆက်လက် ဖမ်းဆီးနေပြီး ရဟန်းသံဃာတော်တွေကိုလည်း ဆက်လက် နှောင့်ယှက်ဟန့်တားနေတာတွေကို တွေ့ရတဲ့အတွက် အမေရိကန်ပြည်ထောင်စုက ပြစ်တင်ရှုတ်ချပါတယ်။ ဒါ့အပြင် မကြာသေးခင်က မြန်မာအစိုးရ စစ်ဗိုလ်ချုပ်တွေက ဘုန်းတော်ကြီးကျောင်းတွေကို ပိတ်လိုက်တယ်ဆိုတဲ့ သတင်းတွေနဲ့ပတ်သက်ပြီးတော့လည်း အမေရိကန်ပြည်ထောင်စုက သိပ်ကို စိုးရိမ်မကင်းဖြစ်မိပါတယ်။" – လို့ အမေရိကန်နိုင်ငံခြားရေးဌာန အရာရှိတစ်ဦးက ကြေညာချက်ကို ကိုးကားဖတ်ပြသွားပါတယ်။

ဒါ့အပြင် –

"အခုလို နှိပ်ကွပ်မှုတွေကိုကြည့်ခြင်းအားဖြင့် နိုင်ငံရေးအကျဉ်းသားတွေ ဆက်ဖမ်းဆီးထိန်းသိမ်းထားတာတွေ အဆုံးသတ်စေရေးအတွက် ထပ်ခါတလဲလဲကြိုးပမ်းနေတဲ့ ကုလသမဂ္ဂနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ့မယ်လို့ မြန်မာစစ်အစိုးရက ပေးခဲ့တဲ့ကတိတွေကိုလည်း ဖောက်ဖျက်ရာရောက်ပါတယ်။ အခုလို ဖမ်းဆီးမှုတွေ ဆက်ရှိနေတာကို မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးကို ဦးတည်တဲ့ကြားဖြတ်ကာလ ဖော်ဆောင်ရေးအတွက် စစ်မှန်တဲ့အခြေအတင်ဆွေးနွေးမှုမျိုးပြုလုပ်ဖို့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအနေနဲ့ သံန္နိဋ္ဌာန်ခိုင်မာမှုအပေါ်လည်း လေးလေးနက်နက် မေးခွန်းထုတ်စရာ ရောက်နေပါတယ်။" – လို့ အမေရိကန်နိုင်ငံခြားရေးအရာရှိက ပြောသွားတာဖြစ်ပါတယ်။

ဒါ့အပြင် နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တခြားနိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ရေးဟာ မြန်မာနိုင်ငံမှာ အရပ်ဖက် ဒီမိုကရေစီနည်းကျ အစိုးရဖြစ်ထွန်းရေးအတွက် ကူးပြောင်းရေးကာလဖော်ဆောင်ဖို့ ဒီမိုကရေစီအင်အားစုနဲ့ တိုင်းရင်းသားအုပ်စုတွေနဲ့ စစ်မှန်တဲ့ အခြေအတင် ဆွေးနွေးမှုမျိုးပြုလုပ်နိုင်ဖို့ မလုပ်ရင်မဖြစ်တဲ့အခြေအနေပါလို့လည်း နိုင်ငံခြားရေးဌာနအရာရှိက ကြေညာချက်ကို ကိုးကားပြီးပြောသွားပါသေးတယ်။

အခုလို မြန်မာနိုင်ငံမှာ မင်္ဂလာကျောင်းအပါအဝင် ဘုန်းတော်ကြီးကျောင်းတွေကို ပိတ်တာ၊ ဝင်ရောက်စီးနင်းတာတွေအပြင် သံဃာတော်တွေကို ဆက်လက်ဖမ်းဆီးထောင်ချနေမှုတွေကြောင့် အမေရိကန်အထက်လွှတ်တော်မှာ တနင်္လာနေ့ကျရင် ကြားနာဆွေးနွေးပွဲတစ်ရပ်ကို အမေရိကန်နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့် ကော်မရှင်က ကျင်းပဖို့ရှိပြီး မြန်မာနိုင်ငံမှာ ဒီမိုကရေစီပြောင်းလဲဖော်ဆောင်ဖို့ အမေရိကန်ရဲ့ သံတမန်ရေးကြိုးပမ်းမှုတွေအပြင် အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံအပေါ် ထားရှိတဲ့ပေါ်လစီတွေကိုလည်း ပြန်လည်သုံးသပ်ဆွေးနွေးဖို့ ရှိပါတယ်။